

# ဘတ်စ်ကားလေး တုဍ်တုဍ်



# Tintorng, the Little Car
# ဘတ်စ်ကားလေး တုန်တုန်

Author: Miss PROM Kunthearo
Illustrator: Mr. KEO Phunphalla

Editor: လူသာမန်
Translators: နေသာ၊ ဆုမြတ်ငွေး၊ လှမိုး

MM-ABP-19-0054
Copyright © 2014 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Cambodia by Room to Read in 2014
First Myanmar Language Edition
ISBN – 978-99971-54-48-4

MBAPF

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org

Room to Read®

Room to Read ® provides technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Cambodia, #111, Street 566, Boeng Kak II, Tuol Kok, Phnom Penh, Cambodia, Tel: 023 881 161 / 881 171
E-mail: cambodia@roomtoread.org

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

Tintorng the little car makes many long journeys. He goes up and down hills and endures bright sunlight, dust, and dirt. One day, Tintorng becomes ill. Do you think the little car will recover from his illness and be able to travel again?

စာရေးသူ -



Miss PROM Kunthearo သည် Battambang တွင် ၁၉၈၁ ခုနှစ်၌ မွေးဖွားခဲ့သည်။ သူမသည် Sipar ရှိ First Read ထုတ်ဝေရေးအဖွဲ့တွင် လက်ထောက်အဖြစ် လုပ်ကိုင်လျက် ရှိပြီး အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားကိုပါ လေ့လာလျက်ရှိသည်။ Kunthearo သည် Shanti Volunteer Association မှ ကျင်းပသည့် ကလေးပုံပြင် ရေးသားခြင်း ပြိုင်ပွဲတွင် ပထမဆုကို ရရှိခဲ့သည်။ သူမ၏ နိုင်ငံခြားဘာသာ စာအုပ်များအပေါ် လေ့လာဆန်းစစ်ချက်များက အရည်အသွေးမြင့် ကလေးစာပေများ ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်နေသူလည်း ဖြစ်သည်။


သရုပ်ဖော် ရေးဆွဲသူ -



Mr. KEO Phunphalla သည် ၁၉၈၉ တွင် Battambang ၌ မွေးဖွားခဲ့သည်။ သူသည် Atisan Angkor တွင် အနုပညာ ဖန်တီးသူအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ပန်းချီပညာကို Phare Ponleu Selpak တွင် လေ့လာခဲ့ပြီး အဖွဲ့အစည်းများစွာအတွက် ပိုစတာများနှင့် လိုဂိုများကို ဖန်တီးပေးနိုင်ခဲ့သည်။ Phunphalla သည် Room to Read ကမ္ဘောဒီးယား မှ ၂၀၁၀ ပြည့်နှစ်တွင် ပြုလုပ်သော စာရေးသူများနှင့် သရုပ်ဖော်ရေးဆွဲသူများ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည်။



# ဘတ်စ်ကားလေး တုန်တုန်





တုန်တုန်လို့ ခေါ်တဲ့ ဘတ်စ်ကားလေး
တစ်စီးရှိတယ်။ သူဟာ နေ့တိုင်းပဲ
အဝေးကြီးကို မောင်းရတယ်။





တုန်တုန်လေးဟာ တောင်ပေါ်ကို
တက်လိုက်၊ တောင်အောက်ကို ဆင်းလိုက်၊
နေပူထဲ မောင်းလိုက်၊ မိုးရေထဲ မောင်းလိုက်၊
ဖုန်တွေထဲ ဖြတ်လိုက်၊ ရွှံ့တွေထဲ ဖြတ်လိုက်နဲ့
မောင်းရတယ်။



တစ်ရက်မှာတော့ တုန်တုန်လေး
အရမ်း မောလာတယ်။
အိမ်ပြန်ရတာလည်း နောက်ကျတယ်လေ။

တုန်တုန် ချောင်းဆိုးပြီ။
အဟတ် အဟတ်၊ အဟွတ် အဟွတ် ...။
အဖျားကြီးလွန်းလို့ မနက်ဖြန်တော့
ကားမမောင်းနိုင်လောက်တော့ဘူး။



နောက်တစ်ရက်မှာတော့ ခွင့်ယူလိုက်ရပြီ။
နေကောင်းအောင် ဘာလုပ်ရမယ်ဆိုတာ သူ
သိပါတယ်။ အနားယူပြီး စက်သံပြန်ညှိဖို့
လိုတာလေ။



အခုဆို တုန်တုန် သက်သာလာပြီ။
သူ နေပြန်ကောင်းလာပြီလေ။






တုန်တုန်လေးက နောက်ထပ်တစ်ခုပဲ
တောင်းဆိုတယ်။ သူ ရေချိုးချင်တယ်တဲ့။
ပြီးတော့ တစ်ရေးအိပ်ပါလေရော။
မနက်ဖြန်ကျ မနက်အစောကြီး ထရမှာလေ။

နောက်တစ်ရက်မှာ တုန်တုန်လေးဟာ
အရင်အတိုင်း အားအင်အပြည့်နဲ့
ပြန်ဖြစ်သွားပြီ။

သူ ချက်ချင်းပဲ မောင်းထွက်လိုက်တယ်။
အရှေ့ကို မောင်းလိုက်၊ ပြန်လာလိုက်။
ဘယ်ဘက်ကို မောင်းသွားလိုက်၊
ညာဘက်ကို မောင်းသွားလိုက်နဲ့ပေါ့။



တုန်တုန်က ခရီးသည်တွေကို တစ်အိမ်ပြီး
တစ်အိမ် လိုက်ပို့ပေးတယ်။ သူတို့အားလုံး
ပျော်နေကြတယ်။ ငါတို့က မင်းကို
လွမ်းနေတာလို့လည်း ပြောကြသေးတယ်။




ဘယ်သူပဲဖြစ်ဖြစ် တစ်ခါတလေတော့ နားဖို့
လိုတာပေါ့လေ။

ဘတ်စ်ကားလေး တုန်တုန်ဟာ ခရီးရှည်တွေ
အများကြီး သွားရတယ်။ နေပူထဲလည်း တောင်ပေါ်
အတက်အဆင်းတွေ လုပ်ရတယ်။ သဲတွေ၊
ဖုန်တွေထဲလည်း သူ သွားရတာပဲ။ တစ်ရက်မှာတော့
တုန်တုန် နေမကောင်းဖြစ်ပါလေရော။ သူ
နေပြန်ကောင်းလာပါ့မလား။

